# မသွားတော့ဘူး

ပန်းခြံ ခုံတန်းလျားတစ်ခုပေါ်၌ အဘိုးကြီးနှစ်ယောက် ထိုင်နေကြ၏။ အဘိုးကြီးတစ်ယောက်က...

"ကိုယ်သေရမယ့် နေရာကိုသာ ကိုယ့်စိတ်ကြိုက် လွတ်လွတ်လပ်လပ်ရွေးချယ်ခွင့်ရရင် ငါတော့ ဟောဒီ ပန်းခြံထဲမှာပဲ သေမယ်"

နောက်အဘိုးကြီးတစ်ယောက်ကလည်း အားကျမခံ ပြောလေ၏။ "ငါက အဲဒီလို ကိုယ်သေရမယ့်နေရာကို သိပြီဆိုတာနဲ့ အဲဒီနေရာကို မသွားတော့ဘူး" ဟူ၏။